# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရှမ်းပြည်နယ်လွှတ်တော်
# တောင်ကြီးမြို့



## ရှမ်းပြည်နယ်
## ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ
(၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။
၂၀၁၅ ခုနှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
| --- | --- | --- | --- |
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃။ | အခန်း (၂) ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၊ ရုံးများ၊ ရုံးခွဲများဖွဲ့စည်းခြင်း | ၄ | ၆ |
| ၄။ | အခန်း (၃) ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၆ | ၁၀ |
| ၅။ | အခန်း (၄) ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပယ်ခြင်း၊ ဖြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း | ၁၁ | ၁၃ |
| ၆။ | အခန်း (၅) ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးများကို ဖျက်သိမ်းခြင်း | ၁၃ | ၁၄ |
| ၇။ | အခန်း (၆) သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း | ၁၄ | ၁၆ |
| ၈။ | အခန်း (၇) လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း | ၁၆ | ၁၇ |
| ၉။ | အခန်း (၈) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး | ၁၇ | ၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၀။ | အခန်း (၉) လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်း | ၁၈ | ၁၈ |
| ၁၁။ | အခန်း (၁၀) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၉ | ၂၀ |
| ၁၂။ | အခန်း (၁၁) အထွေထွေ | ၂၀ | ၂၁ |

# ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

## (၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

## ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

## နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အလုပ်သမားရေးရာကဏ္ဍကို တာဝန်ခံရသည့် ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(စ) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ ရှမ်းပြည်နယ် အတွင်းရှိ အများပြည်သူနှင့် ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ ကားကြီးကွင်း ၊ ကားဂိတ်၊ စက်လှေဆိပ်၊ ပွဲရုံနှင့် ဈေးကြီးစသည့် နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချ အလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း၊ အစီ၊ အထပ် ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်။

(ဆ) **ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ပြည်နယ်အစိုးရအဖွဲ့က ဤဥပဒေနှင့်အညီ ဖွဲ့စည်း ထားသော ကော်မတီကို ဆိုသည်။

(ဇ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် ကုန်တင်ကုန်ချ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီက ဤဥပဒေနှင့်အညီ ဖွဲ့စည်း ထားသော ကော်မတီကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေ တစ်ခု အတွင်းရှိ မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်

သမားများကို စုစည်း၍ ကုန်တင်ကုန်ချ လုပ်ငန်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ရန် အလို့ငှာ မြို့နယ် ကုန်တင် ကုန်ချ လုပ်ငန်းကော်မတီက ဤဥပဒေနှင့် အညီ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ည) **ကော်မတီရုံး** ဆိုသည်မှာ -

(၁) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီရုံး။

(၂) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီရုံး။

(၃) ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေး ကော်မတီရုံးခွဲများကို ဆိုသည်။

(ဋ) **မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမား** ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ရန် လုပ်သား မှတ်ပုံတင်အမှတ် ရရှိပြီးသော မှတ်ပုံဝင် အလုပ်သမားကို ဆိုသည်။

(ဌ) **သက်သာချောင်ချိရေးရန်ပုံငွေ** ဆိုသည်မှာ မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက် ၎င်းတို့၏ နေ့စဉ် လုပ်ခဝင်ငွေများထဲမှ နည်းဥပဒေနှင့်အညီ စုဆောင်းထားသည့် ရန်ပုံငွေကို ဆိုသည်။

(ဍ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်** ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

# အခန်း(၂)
## ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၊ ရုံးများ၊ ရုံးခွဲများဖွဲ့စည်းခြင်း

၃။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း ရမည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ

(ခ) ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် ၂ ဦး — အဖွဲ့ဝင်

(ဂ) ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်နယ်ဦးစီးမှူး ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန — အဖွဲ့ဝင်

(င) ပြည်နယ်ဦးစီးမှူး ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ပြည်နယ်တာဝန်ခံ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး — အတွင်းရေးမှူး

၄။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဦးစီးအရာရှိ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး — ဥက္ကဋ္ဌ

(ခ) ဒု-ဦးစီးမှူး အဖွဲ့ဝင်

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ရဲအုပ် အဖွဲ့ဝင်

မြို့နယ်ရဲတပ်ဖွဲ့ကိုယ်စားလှယ်

(ဃ) ဒု-ဦးစီးမှူး အဖွဲ့ဝင်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

(င) တာဝန်ခံရုံပိုင်၊ မြန်မာ့မီးရထား အဖွဲ့ဝင်

(စ) မှတ်ပုံဝင်ကုန်တင်ကုန်ချ အဖွဲ့ဝင်

အလုပ်သမားကိုယ်စားလှယ် ၂ ဦး

(ဆ) ကုန်သည်များနှင့် စက်မှု အဖွဲ့ဝင်

လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်

(ဇ) မော်တော်ယာဉ်လိုင်းပေါင်းစုံ အဖွဲ့ဝင်

ထိန်းသိမ်းရေးကော်မတီမှ ကိုယ်စားလှယ်

(ဈ) ကြီးကြပ်ရေးမှူး (သို့မဟုတ်) အတွင်းရေးမှူး

စာရင်းကိုင်

မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်း ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ လုပ်ငန်း လိုအပ်ချက်အရ ပြည်နယ် ကော်မတီကိုလည်း ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။ လုပ်ငန်းလိုအပ်ချက်အရ မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော်မတီကိုလည်း ပြင်ဆင်ဖွဲ့စည်း နိုင်သည်။ လက်ရှိဆောင်ရွက်လျက်ရှိသော -

(က) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီနှင့် ရုံးများကို လက်ရှိဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံနှင့် အင်အားအတိုင်း ဆောင်ရွက်နိုင်သည်။

(ခ) မြို့နယ်ကုန်တင် ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီနှင့် ရုံးများကို လက်ရှိဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံနှင့် အင်အားအတိုင်း ဆောင်ရွက်နိုင်သည်။

၇။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဝင် လစ်လပ်ပါက ရက်ပေါင်း ၆၀ အတွင်း ခန့်ထားရန် ဆောင်ရွက်ရမည်။

## အခန်း(၃)
## ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မတီက တာဝန်ပေးအပ်သည့် အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများကို စစ်ဆေးစေခြင်း။

(ခ) မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများနှင့် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီ၏ သက်သာချောင်ချိရေး ရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများကို စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း။

(ဂ) မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီများနှင့် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီများက တင်ပြသော မှတ်ပုံဝင် ကုန်တင် ကုန်ချအလုပ်သမားစာရင်းကို အတည်ပြုခြင်း။

(ဃ) မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများအား ဒေသန္တရဈေးနှုန်းနှင့်အညီ လုပ်ခများရရှိစေရေး အတွက် သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အတည်ပြုချက်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အတည်ပြုပေးခြင်း။

(င) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီက ခန့်ထားသည့် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်ရေး အတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူးများခန့်ထားခြင်း၊နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ အတည်ပြုခြင်း။

(စ) သက်ဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် အရာရှိ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊စောင့်ရှောက် ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း။

(ဆ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်း ၊ အင်အားလျှော့ခြင်း ၊ အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များကို ကြီးကြပ်ခြင်းနှင့် အတည်ပြုခြင်း။

(ဇ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမား တစ်ဦးဦးကဖြစ်စေ ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ ၎င်းတို့၏ နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခြင်းနှင့် ဝန်ကြီးထံတင်ပြခြင်း။

(ဈ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမား ခန့်ထားခြင်း၊ မှတ်ပုံတင်ခြင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း။

(ည) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် မတော်တဆထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်စေခြင်း။

(ဋ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ထူထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း။

(ဌ) ကုန်တင်ကုန်ချ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းခွင် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ဍ) ပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၉။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း။

(ခ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများအဖြစ် လုပ်ကိုင်လိုသူများအား ရွေးချယ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊ အတည်ပြုချက်ရယူခြင်း။

(ဂ) မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားဦးရေ အနည်းဆုံးနှင့် အများဆုံး သတ်မှတ်ခြင်းများ၊ ကရုဏာကြေးများ သတ်မှတ်ခြင်းတို့အား ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ အတည်ပြုချက် ရယူခြင်း။

(ဃ) မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချ လုပ်ခနှုန်းထားများ တိုးမြှင့်ရန် လိုအပ်လာပါက တစ်နှစ်လျှင်တစ်ကြိမ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းခြင်း၊ သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချ လုပ်ခဈေးနှုန်းများကို ပြင်ဆင် သတ်မှတ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့

ပြန်လည်တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီသို့ တင်ပြ၍ အတည်ပြု ချက်ရယူဆောင်ရွက်ခြင်း။

(င) ကုန်တင်ကုန်ချလုပ်ခစျေးနှုန်းများ ညှိနှိုင်း ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်နှင့် မပြီးပြတ် ပါက ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီ သို့ ဆက်လက် ညှိနှိုင်းပေးရန်အတွက် တင်ပြ ဆောင်ရွက်ခြင်း။

(စ) မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေ (ကော်မတီရန်ပုံငွေ) စာရင်းကို ဥက္ကဋ္ဌမှ တာဝန်ယူ ရေးဆွဲပြီး ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူဆောင်ရွက်ခြင်း။

(ဆ) ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေး ကော်မတီများ၊ ရုံးများဖွဲ့စည်းခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း။

(ဇ) မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေးရုံး၏ လစဉ်ရန်ပုံငွေ စုဆောင်းရရှိမှုနှင့် အသုံးစရိတ် များ၊ သုံးစွဲမှုများကို ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်၍ ပြည်နယ် ကုန်တင် ကုန်ချ လုပ်ငန်းကော်မတီသို့ တင်ပြဆောင်ရွက် ခြင်း။

(ဈ) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန် ကို ထမ်းဆောင်ခြင်း။

# အခန်း(၄)
## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၁၀။ ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) အရ လည်းကောင်း၊ ယင်းအမိန့်တို့အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်း ကုန်တင် ကုန်ချအလုပ်သမား စောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများအရ လည်းကောင်း လုပ်ကိုင်လျက်ရှိသော ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီရုံးများသည် ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီမှ တစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်တင်ကုန်ချ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့် ရှိရမည်။

၁၁။ ကုန်တင်ကုန်ချအလုပ်သမား ၅၀ ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ ၄ လ ရှိသည့် ကုန်တင်ကုန်ချ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော သို့မဟုတ် လုပ်ကိုင်လိုသော အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာမြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာများကို စိစစ်ထောက်ခံတင်ပြချက်နှင့်အတူ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသို့ ခွင့်ပြုချက် လျှောက်ထားရမည်-

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံ

စသည့် အများပြည်သူသွားလာရေးဆိုင်ရာ ဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်း။

(ခ) ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများရှိ ကုန်တင်ကုန်ချလုပ်ငန်း။

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်း။

(ဃ) နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်နေသည့်ဌာန၊ အဖွဲ့အစည်းများရှိ ကုန်တင်ကုန်ချလုပ်ငန်း။

၁၂။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၃။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီ၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေး ကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေးရုံး(လုပ်ငန်းဌာနခွဲ) တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၄။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ထုတ်ပေးထားသော ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် ခွင့်ပြုချက်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် လိုအပ်ပါက သတ်မှတ်ကာလ မတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း(၅)
## ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးများကို ဖျက်သိမ်းခြင်း

၁၅။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှု အခြေအနေပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း အပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျ လာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့လာပါက ထိုအခြေအနေကို အကျိုးအကြောင်း ပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် ပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေးရုံးသို့ တင်ပြ၍ ဖျက်သိမ်းခွင့် တောင်းခံရမည်။

၁၆။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၅ အရ တင်ပြချက်ကို စိစစ်၍လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၁၇။ အထက်ပါ ပုဒ်မ ၁၆ အရ ဖျက်သိမ်းခွင့် ရရှိသော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးသည် မိမိပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်း ရမည်။

၁၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ ဖျက်သိမ်းပြီးစီးကြောင်းကို စာရင်းရှင်းတမ်း အပြည့်အစုံဖြင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၉။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်း ပြီးစီးမှုအား ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း(၆)
## သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၂၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီရုံးနှင့် လက်အောက်ရှိ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးများသည် မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက် ရရှိရေးအတွက် သက်သာ

ချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။ အလုပ်သမားများ၏ သက်သာချောင်ချိရေး အကျိုးခံစားခွင့်များကို အောက်ပါ အတိုင်းဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့် ၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာ ခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော မြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ သတ်မှတ်ချက်နှင့် အညီ ခံစားခွင့်ရှိစေရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေး ခံစားခွင့်ရရှိစေရန် လိုအပ်သော လုပ်ငန်းခွင်သုံးကိရိယာများ လုံလောက်စွာ စီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာ ထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများ ထုတ်ပေးခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေး ခံစားခွင့်များရရှိစေရန် လုပ်သားများ အားလပ်ချိန်တွင် နားနေနိုင်ရန်အလုပ်သမားရိပ်သာများဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/ ဖျာများ စီစဉ်ပေးခြင်း၊ သန့်စင်ခန်း/ရေချိုးခန်းများ လုံလောက်စွာ စီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြားစက်၊ ဗွီဒီယို ပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များစီစဉ်ထားရှိခြင်း၊စာကြည့်တိုက်/စာဖတ်ခန်းများ စီစဉ်ထားရှိခြင်း တို့ကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ ရုံးသို့ တင်ပြ၍ဆောင်ရွက်ရမည်။

## အခန်း(၇)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၂၁။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးသည် ကုန်တင်ကုန်ချလုပ်ငန်းပမာဏနှင့် လုပ်ငန်းလုပ်ကွက် များကို အခြေခံ၍ ကုန်တင်ကုန်ချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏ လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများ လျော့နည်းကျဆင်းမှု မရှိစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားဦးရေနှင့် အများဆုံးလုပ်သားဦးရေသတ်မှတ်ချက်များကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

၂၂။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားဦးရေနှင့် အများဆုံးလုပ်သားဦးရေသတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့်

လိုက်လျောညီထွေရှိစေရန်အတွက် တစ်နှစ် တစ်ကြိမ် စိစစ်သုံးသပ်၍ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသို့ တင်ပြရမည်။ လုပ်သားဦးရေပြောင်းလဲရန် လိုအပ်လာပါက ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက်ရယူရမည်။

## အခန်း(၈)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၃။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် အောက်ပါ အတိုင်း ဆောင်ရွက်ရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်း ဖြစ်ပါက ၁၂၀ ပေါင်ထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်း ဖြစ်ပါက ၃၃. ၆ ပိဿာထက် မကျော်လွန် စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်း ဖြစ်ပါက ၅၅ ကီလိုထက် မကျော်လွန်စေရ။

၂၄။ အထက်ပါပုဒ်မ ၂၃ ပါ အလေးချိန်ထက်ကျော်လွန်သော ကုန်ပစ္စည်းများကို ဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေး အတွက် ကုန်ပစ္စည်း၏ အလေးချိန်၊ အရွယ် ပမာဏကို ကြည့်ရှု သုံးသပ်၍ အလုပ်သမားနှစ်ဦး သို့မဟုတ် လိုအပ်သည့် အလုပ်သမား ဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၅။ စက်ပစ္စည်းများ၊ ပေကျံပစ္စည်းများ၊ အသက်၊ ခန္ဓာကိုယ်နှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ထမ်းပိုးဆောင်ရွက် စေရမည်။

## အခန်း(၉)
## လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၂၆။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီသော အလုပ်သမား ကုန်ချချိန်နှင့် ကုန်သိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ရမည်။

၂၇။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် အလုပ် မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန် နှစ်တစ်နှစ်အတွင်း ခံစားခွင့်ရှိသည့် ခွင့်ရက်များကို သတ်မှတ်ရမည်။

၂၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးသည် ကုန်တင် ကုန်ချလုပ်ငန်းများဆောင်ရွက်စဉ် တာဝန် ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန် ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစား ပြုလုပ်ခြင်း၊ လူစားထိုးခိုင်းခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုပြုခြင်းတို့ကို အရေးယူဆောင်ရွက် ရမည်။

၂၉။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် အထက်ပုဒ်မ ၂၈ ၌ ဖော်ပြပါကိစ္စရပ်များကို အရေးယူမှုများ ဆောင်ရွက်နိုင်ရန် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ကို ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်း ကော်မတီ၏ အတည်ပြုချက်နှင့်အညီ ဖွဲ့စည်းရမည်။

## အခန်း(၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၀။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီက သတ်မှတ်ပေးထားသော လုပ်ငန်းနယ်မြေတစ်ခုတွင် ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်သူအား အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံးခြောက်လ အထိ ထောင်ဒဏ် ချမှတ်ခြင်းခံရမည့်အပြင် ကျပ်ငွေ ၃ သိန်းထက် မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၃၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ကျပ်ငွေ ၅ သိန်း ထက် မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခငွေများအား ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ခွဲဝေပေးရန် ပျက်ကွက်ခြင်း၊

(ခ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် စပ်လျဉ်း၍ ခွင့်ပြု ထားသည့် ကရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်သာချောင်ချိရေး ရန်ပုံငွေ ထုတ်ပေးရန် ပျက်ကွက်ခြင်းနှင့် အလွဲသုံးစား ပြုလုပ်ခြင်း၊

၃၂။ မည်သူမဆို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဝင် တစ်ဦးဦးကဖြစ်စေ၊ ၎င်း၏ တာဝန်ပေးအပ်ခြင်း ခံရသူကဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရ စစ်ဆေး

ဆောင်ရွက်မှုကို တားဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း ပြုလျှင် အနည်းဆုံးထောင်ဒဏ်တစ်လမှ အများဆုံးထောင်ဒဏ် ခြောက်လအထိ ချမှတ်ခြင်းခံရမည်။

## အခန်း(၁၁)
## အထွေထွေ

၃၃။ ဤဥပဒေပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ အရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၄။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူမည်။

၃၅။ ယခင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများသည် ဤဥပဒေအရ ဖွဲ့စည်းသည့် ကော်မတီများထံ လုပ်ငန်းနှင့် လုပ်ပိုင်ခွင့်အရပ်ရပ်ကို ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်း တစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်း ပေးအပ်စေရမည်။

၃၆။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ် ရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို မဆို ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ် တာဝန်ပေးအပ်ခြင်း ခံရသူသာလျှင် တရားစွဲဆိုခွင့်ရှိသည်။

၃၈။ ၁၉၅၉ ခုနှစ် အလုပ်သမားများ အလုပ်အကိုင် ကြီးကြပ်အုပ်ချုပ်ရေး အမိန့် (The Labour Employment Control Order, 1959) နှင့် ယင်းအမိန့်အရပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်သည့် အလုပ်သမားဝန်ကြီးဌာန ငွေစာရင်းဆိုင်ရာ လက်စွဲစာစောင်တို့သည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

(ပုံ) စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့